# ကွမ်းတွင်ကျရောက်တတ်သောရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများ

## (၄) စကလိုရှမ်ပင်ခြေပုပ်/ပင်ညှိုး (Sclerotium foot rot and wilt)

**ရောဂါဖြစ်စေသက်ရှိ - Sclerotium rolfsii Sacc. (Athelia rolfsii (Curzi) C. C. Tu & Kimbr.)**

**ရောဂါလက္ခဏာများ**

မြေပြင်နှင့်ကပ်လျှက်ရှိသောအပင်ခြေရင်း ပင်စည်ပိုင်းသည် အရောင်ညိုမဲ လာသည်။ အရွက်များသည် အဝါရောင်ပြောင်းလာပြီး ညှိုးကျနေသည်။ နောက်ပိုင်းတွင် တစ်ပင်လုံး ညှိုးပြီး ခြောက်လာသည်။ ရောဂါရပင်ခြေပိုင်းရှိ ပင်စည်ပိုင်းသည် ပျော့လာပြီး၊ မဲ၍ ရှုံ့တွန့်နေသည်။ ၎င်းရောဂါကွက် တဝိုက် တွင် အဖြူရောင် မှိုမျှင်စုများကိုတွေ့ရသည်။ မှိုမျှင်စုများထဲတွင် အညိုရောင်မှ အမဲရောင် စကလိုရှား (Sclerotia) အလုံးလေးများကို တွေ့နိုင်သည်။



**ကာကွယ်နှိမ်နင်းနည်းများ**

- စိုက်ခင်းသန့်ရှင်းရေးဆောင်ရွက်ပါ။
- ရောဂါရအပင်များ အားနှုတ်ယူဖျက်ဆီးပစ်ပါ။ စိုက်ခင်းအတွင်း မထားရ။
- ပေါင်းပင်များရှင်းလင်းခြင်း၊ ဘောင်တင်ခြင်းများဆောင်ရွက်စဉ် အပင် ခြေရင်း အား ဒါဏ်ရာမရရှိအောင်ဆောင်ရွက်ပါ။
- စိုက်ဘောင်များအား ထရိုင်ကိုဒါးမားမှို (*Trichoderma harzianum*) ကို ထည့်ပေး ပါ။